# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ

# (KAren National Democratic Party)

## အခြေခံမူဝါဒနှင့် လုပ်ငန်းစဉ်များ

## အခြေခံမူဝါဒများ

### (က) နိုင်ငံရေး

၁။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မည်။

၂။ စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြိုးပမ်းတည်ဆောက်မည်။

၃။ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်း၊ ပါတီတစ်ရပ်ရပ်၏ ဩဇာကိုမျှ မခံယူဘဲ လွတ်လပ်သည့်ပါတီအဖြစ် ရပ်တည်သွားမည်။

၄။ ရည်မှန်းချက်တူညီသော တိုင်းရင်းသားပါတီများနှင့် မဟာမိတ်ဖွဲ့ပြီး ပူးပေါင်းဆောင်ရွက်သွားမည်။

၅။ ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စု အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၆။ နိုင်ငံတော် ဖြစ်ပေါ်ပြောင်းလဲနေသည့် မူဝါဒနှင့်အညီ အခြေခံဥပဒေအရပ်ရပ်အပေါ် စဉ်ဆက်မပြတ် ဝေဖန်သုံးသပ်ပြီး ဘက်မလိုက်သည့် အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးမည်။

### (ခ) စီးပွားရေး

၁။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ အရင်းအနှီးနှင့် နည်းပညာများ ရှာဖွေ၍ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မည်။

၄။ လက်ဝါးကြီးအုပ် အမြတ်ကြီးစား စီးပွားရေးစနစ်များကို တားဆီးကာကွယ်မည်။

၅။ ဒေသခံပြည်သူတို့၏ ဆန္ဒမပါဘဲ စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ကာကွယ်တားဆီးမည်။

### (ဂ) မြေယာနှင့် သဘာဝသယံဇာတ

၁။ အခြေခံလူတန်းစားများကို အကျိုးဖြစ်ထွန်းစေမည့် မြေယာမူဝါဒများ ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ မတရားသိမ်းဆည်းခြင်းခံရသည့် မြေယာများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ရရှိရေး ညှိနှိုင်းဆောင်ရွက်သွားမည်။

၃။ သဘာဝသယံဇာတအရင်းအမြစ်များကို ဒေသခံပြည်သူလူထုတို့၏ အကျိုးစီးပွားအတွက် ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားမည်။

(ဃ) **လူမှုရေး**

၁။ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားဒေသများ၌ တိုင်းရင်းသားဘာသာစာပေကို မသင်မနေရသင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်။

၃။ အသိပညာအတတ်ပညာကို ဦးစားပေးသော ပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

၄။ တိုင်းရင်းသားလူမျိုးများအတွက် အကျိုးသက်ရောက်မှုရှိသော သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမည်။

၅။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးမှု တိုးမြှင့်ဆောင်ရွက်သွားမည်။

၆။ အခြားဘာသာများကို ထိခိုက်မှုမရှိစေဘဲ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိစေရမည်။

၇။ ဘာသာရေးကို နိုင်ငံရေးအလို့ငှာ အသုံးချခြင်းကို ဆန့်ကျင်သွားမည်။

၈။ မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခြင်းကို ဆန့်ကျင်သွားမည်။

၉။ လူမှုရေးအရ အကြမ်းဖက်ခံရမှုမရှိစေရေး ကာကွယ်တားဆီးမည်။

၁၀။ ကလေးသူငယ်များအား အလုပ်ခိုင်းစေခြင်းမှ ကာကွယ်တားဆီးသွားမည်။

၁၁။ လူကုန်ကူးမှုပပျောက်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားမည်။

၁၂။ တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းဝယ်ဖြန့်ဖြူးသုံးစွဲမှုများကို ဝိုင်းဝန်းကာကွယ်တားဆီးမည်။

(င) ကရင်အမျိုးသားရေး

၁။ ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။

၂။ နိုင်ငံတကာအဆင့်မီ ကရင်အမျိုးသားကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်။

၃။ ကရင်စာပေ၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်။

၄။ အသိပညာနှင့် အတတ်ပညာမြင့်မားရေးအတွက် ပညာပေးသင်တန်း၊ အမြင်ဖွင့်သင်တန်းများ ဖွင့်လှစ်သင်ကြားမည်။

၅။ ကရင်အမျိုးသားတို့၏ ပင်ကိုယ်စရိုက်လက္ခဏာ (အမျိုးသားရေးလက္ခဏာ)များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မည်။

၆။ ကရင်အမျိုးသားတို့နှင့်သက်ဆိုင်သော သမိုင်းဝင် နေ့ထူးနေ့မြတ်များကို လေးစား အသိအမှတ်ပြု ထိန်းသိမ်းဖော်ဆောင် ဆောင်ရွက်သွားမည်။

၇။ ကရင်မီဒီယာသတင်း ဖြန့်ချိရေးတို့နှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်သွားမည်။

၈။ ကရင်တမျိုးသားလုံး၏ ဘုံစာပေ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။

## လုပ်ငန်းစဉ်များ

### (က) ပါတီဝင်ဖြစ်ခြင်း

၁။ အသက် (၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများသည် ပါတီဝင်အဖြစ် လျှောက်ထားနိုင်သည်။

၂။ သာသနာ့ဝန်ထမ်းများ၊ အစိုးရဝန်ထမ်းများ၊ ထောင်ဒဏ် ကျခံနေရသူများနှင့် စိတ်မနှံ့ ရူးသွပ်နေသူများ လျှောက်ထားခွင့်မရှိပါ။

### (ခ) ပါတီဝင်အဖြစ်မှ ပျက်ပြယ်ခြင်း

အောက်ပါ အကြောင်းရပ်တစ်ခုခုဖြင့် ဆက်စပ်ညှိစွန်းနေလျှင် ပါတီဝင်အဖြစ်မှ ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁။ ပါတီ၏စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားအောင်ဆောင်ရွက်ခြင်း။

၂။ ပါတီမှ ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် မဆောင်ရွက်ခြင်း။

၃။ ပါတီပိုင် ငွေကြေးနှင့်ပစ္စည်းများကို အလွဲသုံးစားပြုခြင်း။

၄။ အခြားနိုင်ငံရေးပါတီတစ်ခု၏ ပါတီဝင်အဖြစ် ခံယူခြင်း။

၅။ နိုင်ငံရေးပြစ်မှုမဟုတ်သော ထောင်ဒဏ်ကျခံရခြင်း။

၆။ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် လူမှုရေးဖေါက်ပြန်ခြင်း။

၇။ သေဆုံးခြင်း။

၈။ ပါတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့် တောင်းခံခြင်း။

### (ဂ) ပါတီစည်းကမ်းထိန်းသိမ်းခြင်း

ပါတီဝင်များသည် အောက်ပါစည်းကမ်းချက်များကို တသွေမတိမ်း လိုက်နာရမည် -

၁။ နိုင်ငံတော်နှင့်ပါတီအပေါ် သစ္စာစောင့်သိရိုသေရမည်။

၂။ တည်ဆဲဥပဒေများနှင့် နိုင်ငံသားတို့၏ ကျင့်ဝတ်များကို လေးစားလိုက်နာရမည်။

၃။ ပြည်သူလူထု၏ အကြည်ညိုပျက်စေသည့် လုပ်ရပ်များနှင့် ပါတီ၏ဂုဏ်သိက္ခာနှင့် စည်းရုံးရေးစွမ်းအားကို ပျက်ပြားစေသော နေထိုင်ပြောဆို ကျင့်ကြံမှုများကို ရှောင်ကျဉ်ရမည်။

၄။ အဂတိလိုက်စားပြီး တံစိုးလက်ဆောင်ရယူလျက် ကိုယ်ကျိုးရှာသည့် ဝိသမလောဘစိတ်များကို ရှောင်ရှားရမည်။

၅။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သော အပြောအဆို၊ အပြုအမူများကို ရှောင်ကျဉ်ရမည်။

၆။ ပါတီ၏ လျှို့ဝှက်ချက်များကို လုံခြုံစွာ ထိန်းသိမ်းထားရမည်။

၇။ ပါတီ၏ မူဝါဒတစ်ခုခုကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ပြင်ဆင်ဖြည့်စွက်နုတ်ပယ်လိုက ပါတီ ဗဟိုကော်မတီဝင် ၃ပုံ၂ပုံ ၏ သဘောတူညီမှုကို ရယူရမည်။

(ဃ) **အယူခံဝင်ခြင်း**

၁။ အပြစ်ပေးအရေးယူခံရသော ပါတီဝင်သည် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီမှတဆင့် ပါတီ အလုပ်အမှုဆောင်သို့ အယူခံဝင်ရောက်နိုင်သည်။

၂။ အယူခံမှုကိစ္စတွင် ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီ၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

၃။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် အဖွဲ့ဝင် (၅)ဦးပါဝင်သော ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီကိုဖွဲ့စည်းလျက် ထိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ရေးဆွဲသတ်မှတ်ပေးရမည်။

(င) **အစည်းအဝေး များကျင်းပခြင်း**

၁။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ပါတီညီလာခံကို နှစ်ကြိမ် ကျင်းပရမည်။

၂။ ပါတီဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးကို (၆)လတစ်ကြိမ်၊ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ တိုင်း/ ပြည်နယ်အလုပ်အမှုဆောင်ကော်မတီ/ မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၊ ရပ်/ကျေးအလုပ်အမှုဆောင် ကော်မတီများ၏ ပုံမှန်အစည်းအဝေးများကို တစ်လတစ်ကြိမ် ကျင်းပရမည်။

၃။ ပါတီ အလုပ်အမှုဆောင်ကော်မတီအဆင့်ဆင့်၏ အရေးပေါ်အစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင် သည်။

၄။ ပါတီအစည်းအဝေးတိုင်းသို့ ပါတီအလုပ်အမှုဆောင်ကော်မတီဝင်ဦးရေ၏ သုံးပုံနှစ်ပုံ တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်။

၅။ အစည်းအဝေးမှတ်တမ်းများကို ပါတီကော်မတီအဆင့်ဆင့်သို့ အစည်းအဝေးပြီးနောက် (၁၀)ရက်အတွင်း ပေးပို့ရမည်။

(စ) **ပါတီရန်ပုံငွေနှင့် ဘဏ္ဍာရေး**

၁။ ပါတီဝင်လျှောက်လွှာတင်သွင်းပြီးသော ပါတီဝင်တစ်ဦးသည် ပါတီဝင်ကြေး ၁၀၀၀ိ/ (ကျပ် တစ်ထောင်တိတိ) ကို ပေးသွင်းရမည်။

၂။ ပါတီ၏ရန်ပုံငွေအဖြစ် ပြည်တွင်း စေတနာရှင်များထံမှ နှောင်ကြိုးမဲ့သော ထည့်ဝင်လှူဒါန်းငွေများကို လက်ခံ ရယူရမည်။

၃။ ပါတီရန်ပုံငွေရရှိရေးအတွက် ဥပဒေဘောင်အတွင်း လုပ်ကိုင်ဆောင်ရွက်နိုင်သော စီးပွားရေးလုပ်ငန်းများကို တူထောင်မည်။

၄။ ပါတီရန်ပုံငွေနှင့်ဘဏ္ဍာရေးကိစ္စရပ်များ လျော်ကန်သင့်မြတ်စွာ လည်ပတ်နိုင်ရေးအတွက် အဖွဲ့ဝင်(၅)ဦး ပါဝင် သော ဘဏ္ဍာရေးကော်မတီတစ်ရပ်ကို ပါတီဗဟိုအလုပ်အမှုဆောင်က ဖွဲ့စည်းပေးရမည်။

## (ဆ) ပါတီ၏အမည်နှင့်ဌာနချုပ်

၁။ ပါတီ၏အမည်ကို ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ဟု ခေါ်တွင်သည်။


၂။ ပါတီ၏ဌာနချုပ်တည်ရာဒေသမှာ ဦးအောင်မြတ်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ် ဖြစ်သည်။

## (ဇ) ပါတီ၏အလံနှင့် အမှတ်တံဆိပ်

၁။ ပါတီ၏အလံနှင့်အမှတ်တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်သည် –

အလံတော် | အမှတ်တံဆိပ်






၂။ ပါတီ၏အလံကြီးမှာ အလျား (၉)ပေ၊ အနံ (၅)ပေဖြစ်ပြီး အလံလတ်/ အလံငယ်များသည် အလံကြီး၏ အချိုးအစားအတိုင်းဖြစ်သည်။

၃။ ပါတီအလံ၏ သုံးရောင်ခြယ်အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အနီရောင်သည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ အားအင်ပြည့်ဖြိုးခြင်းကို ဖော်ညွှန်းသည်။

(ခ) အဖြူရောင်သည် ရိုးသားသန့်စင်မှုကို ဖော်ညွှန်းသည်။

(ဂ) အပြာရောင်သည် တည်ကြည်အေးငြိမ်းခြင်း၊ သစ္စာရှိခြင်းကို ဖော်ညွှန်းသည်။

(ဃ) ဖားစည်နှင့် ကျွဲချိုမှာ ကရင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို အလေးထား ဖော်ညွှန်းခြင်းဖြစ်သည်။

၄။ ပါတီအမှတ်တံဆိပ်၏ နောက်ခံမှာ တက်သစ်စနေဝန်းရောင်နီ(၉)သွယ် ဖြစ်သည်။ ၎င်း၏အဓိပ္ပာယ်မှာ တက်သစ်စနေဝန်းသည် ကရင့်လူမှုဘဝတိုးတက်ရေးကို ရှေးရှုဦးတည်စေလိုခြင်း ဖြစ်ပြီး ရောင်ခြည် ၉သွယ် မှာ ကရင်တို့၏ ဇာတိပုည ဂုဏ်မာနကို ဖော်ကျူးသည့် ဒီကိုးဒီ၏ အမှတ်လက္ခဏာဖြစ်ပါသည်။ ကျွဲချိုဖားစည်တို့မှာ ပါတီအလံ၏ အပိုဒ်(ဃ)ပါ အဓိပ္ပာယ်ဖော်ညွှန်းချက်အတိုင်း ဖြစ်သည်။

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ
# (Karen National Democratic Party)

## ပါတီဖွဲ့စည်းတည်ဆောက်ပုံ

၁။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးကို လွှမ်းခြုံသည့်ပါတီအဖြစ် ပါတီဝင်အနည်းဆုံး(၁၀၀၀)ဦးဖြင့် ဖွဲ့စည်းတည်ဆောက်မည်။

**(က) ပါတီညီလာခံ**

၂။ ပါတီညီလာခံကို ပါတီဗဟိုကော်မတီနှင့် အောက်ခြေပါတီအဖွဲ့အစည်းအဆင့်ဆင့်မှ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်(၃၀၀)ဦးဖြင့် ဖွဲ့စည်းလျှက် အစည်းအဝေးခေါ်ယူကျင်းပရမည်။

**(ခ) ပါတီဗဟိုကော်မတီ**

၃။ ပါတီဗဟိုကော်မတီကို ပါတီညီလာခံကိုယ်စားလှယ်များထဲမှ (၅၅)ဦးဖြင့်ဖွဲ့စည်းရမည်။

(၁-၁) ထိုဗဟိုကော်မတီတွင် မြို့နယ်ကော်မတီများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးများသည် အလိုအလျှောက်ပါဝင်ရမည်။

(၂-၂) မြို့နယ်ကော်မတီမဖွဲ့နိုင်သေးသော မြို့နယ်များမှ ကိုယ်စားလှယ်တစ်ဦးစီကို အလိုအလျှောက် ဖွဲ့စည်းပါဝင်စေရမည်။

(၃-၃) လိုအပ်နေသေးသော ပါတီဗဟိုကော်မတီဝင်များကို ညီလာခံကိုယ်စားလှယ်များထဲမှ လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရမည်။

**(ဂ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ**

၄။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါတီဗဟိုကော်မတီဝင်များထဲမှ (၁၅)ဦးဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(၁-၁) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(၁၅)ဦးကို အောက်ပါအတိုင်း သတ်မှတ်ရန်ဖြစ်သည် -

| | |
|---|---|
| ဥက္ကဋ္ဌ | (၁)ဦး |
| ဒုတိယဥက္ကဋ္ဌ-၁ | (၁)ဦး |
| ဒုတိယဥက္ကဋ္ဌ-၂ | (၁)ဦး |
| အထွေထွေအတွင်းရေးမှူး | (၁)ဦး |
| အတွင်းရေးမှူး(၁) | (၁)ဦး |
| အတွင်းရေးမှူး(၂) | (၁)ဦး |
| ဘဏ္ဍာရေးမှူး | (၁)ဦး |
| စာရင်းစစ် | (၁)ဦး |
| သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ | (၁)ဦး |
| စည်းရုံးရေးတာဝန်ခံ | (၁)ဦး |
| အမျိုးသမီးတာဝန်ခံ | (၁)ဦး |
| လူငယ်တာဝန်ခံ | (၁)ဦး |

| | |
|---|---|
| ဥပဒေအကြံပေး | (၁)ဦး |
| အမှုဆောင်အဖွဲ့ဝင် | (၂)ဦး |

(၂-၂) ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီအတွက် နာယကအဖွဲ့ဝင်(၅)ဦး သို့မဟုတ် (၇)ဦး ပါတီဗဟိုကော်မတီဝင်ထဲမှဖြစ်စေ သာမန်ပါတီဝင်များထဲမှဖြစ်စေ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီက ရွေးချယ်တာဝန်ပေးရမည်။

(၃-၃) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီသည် သင့်လျော်သော ပါတီဗဟိုကော်မတီဝင် (၅)ဦးစီဖြင့် ပါတီ၏ဘဏ္ဍာရေးကော်မတီနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့ကို ဖွဲ့စည်းရမည်။

**(ဃ) ပြည်နယ် / တိုင်းအလုပ်အမှုဆောင်အဖွဲ့**

အထက်ဖော်ပြပါ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဖွဲ့စည်းပုံအတိုင်း ရွေးချယ်ဖွဲ့စည်းရမည်။

**(င) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့**

(၁-၁) ပါတီဝင်အနည်းဆုံး(၂၀၀)ဦးရှိသော ပါတီ၏ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင်(၁၃)ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | |
|---|---|
| ဥက္ကဋ္ဌ | (၁)ဦး |
| ဒုတိယဥက္ကဋ္ဌ | (၁)ဦး |
| အတွင်းရေးမှူး | (၁)ဦး |
| တွဲဘက်အတွင်းရေးမှူး | (၁)ဦး |
| ဘဏ္ဍာရေးမှူး | (၁)ဦး |
| စာရင်းစစ် | (၁)ဦး |
| သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ | (၁)ဦး |
| စည်းရုံးရေးတာဝန်ခံ | (၁)ဦး |
| အမျိုးသမီးတာဝန်ခံ | (၁)ဦး |
| လူငယ်တာဝန်ခံ | (၁)ဦး |
| ဥပဒေအကြံပေး | (၁)ဦး |
| အမှုဆောင်အဖွဲ့ဝင် | (၂)ဦး |

(၂-၂) မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့သည် မိမိမြို့နယ်၏ ပါတီဝင်များထဲမှ သင့်လျော်သော နာယကအဖွဲ့ဝင်(၃)ဦး သို့မဟုတ် (၅)ဦးကို ရွေးချယ်တင်မြှောက်ရမည်။

(၃-၃) ပါတီဝင်(၂၀၀)မပြည့်မီသေးသော မြို့နယ်များတွင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် သင့်လျော်သော စည်းရုံးရေးမှူးများကို ရွေးချယ်တာဝန်ပေးရမည်။

**(စ) ကျေးရွာအုပ်စုသို့မဟုတ် ရပ်ကွက်ပါတီအလုပ်အမှုဆောင်အဖွဲ့**

(၁-၁) ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်ပါတီအလုပ်အမှုဆောင်အဖွဲ့ကို ပါတီဝင်အနည်းဆုံး (၅၀)ဦးရှိပါက အဖွဲ့ဝင်(၇)ဦး အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | |
|---|---|
| ဥက္ကဌ | (၁)ဦး |
| အတွင်းရေးမှူး | (၁)ဦး |
| ဘဏ္ဍာရေးမှူး | (၁)ဦး |
| စည်းရုံးရေးတာဝန်ခံ | (၁)ဦး |
| အမျိုးသမီးတာဝန်ခံ | (၁)ဦး |
| လူငယ်တာဝန်ခံ | (၁)ဦး |
| အမှုဆောင်အဖွဲ့ဝင် | (၁)ဦး |


(၂-၂) ကျေးရွာအုပ်စု / ရပ်ကွက်ပါတီအလုပ်အမှုဆောင်အဖွဲ့သည် မိမိအဖွဲ့အတွက် သင့်လျော်သော ပါတီဝင်(၃)ဦး နာကယများအဖြစ် ရွေးချယ်တင်မြှောက်ရမည်။


(၃-၃) သတ်မှတ်ပါတီဝင်ဦးရေ မပြည့်မီသေးသော ရပ်ကွက် / ကျေးရွာများတွင် မြို့နယ်ပါတီ အလုပ်အမှုဆောင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် သင့်လျော်သော ရပ် / ကျေးစည်းရုံးရေးမှူး များကို ရွေးချယ်တာဝန်ပေးရမည်။


**အထွေထွေသတ်မှတ်ချက်**

ပါတီ၏ ခေါင်းဆောင်အဆင့်ဆင့်ကို ရွေးချယ်တာဝန်ပေးရာတွင် ပါတီအတွက် အမှန်တကယ် တာဝန်ယူလုပ်ဆောင်ပါမည်ဟူသည့် ကတိခံဝန်ချက် လက်မှတ်ရေးထိုးသူကိုသာ တာဝန်ပေးရန်ဖြစ် သည်။

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏
# ဖွဲ့စည်းတည်ဆောက်ပုံ







ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့

၏

## ဖွဲ့စည်းပုံ

